အသင်တို့ ကဒရ်ညမြတ်အား ရမဿွာန်လ၏ နောက်ဆုံးဆယ်ရက်ထဲမှ
'မ' ညများ၌ ရှာဖွေကြလော့။
အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "အသင်တို့ ကဒရ်ညမြတ်အား
ရမဿွာန်လ၏ နောက်ဆုံးဆယ်ရက်ထဲမှ 'မ' ညများ၌ ရှာဖွေကြလော့။"
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ကောင်းမှုကုသိုလ်များကို
များ‌မြောင်စွာပြုလုပ်ခြင်းဖြင့် ကဒရ်ညမြတ်အားရှာဖွေရန်
တိုက်တွန်းနှိုး‌ဆော်တော်မူခဲ့သည်။ ကဒရ်ညမြတ်သည် နှစ်စဉ် ရမဿွာန်လ၏
နောက်ဆုံးဆယ်ရက်ထဲမှ "မ"ညများအနက်မှ တစ်ည၌ ဖြစ်နိုင်ခြေ ပိုများသည်။ ယင်းမှာ (၂၁) ရက်၊
(၂၃) ရက်၊ (၂၅) ရက်၊ (၂၇) ရက်နှင့် (၂၉) ရက် ညများ ဖြစ်ကြသည်။
https://www.sunnah.global/hadeeth/my/show/4540